# "ဝိသုဒ္ဓိ = စင်ကြယ်ခြင်း (၇) ပါး"

ပုထုစဉ်ဘဝမှ လွတ်မြောက်လိုသူတို့သည် ဝိသုဒ္ဓိ(၇)ပါး ကို အဆင့်လိုက် အားထုတ် ရမည် ဖြစ်ပေသည်။ ဝိသုဒ္ဓိ(၇)ပါး မှာ.........

၁။ သီလ ဝိသုဒ္ဓိ = သီလ စင်ကြယ်မှု။

၂။ စိတ္တ ဝိသုဒ္ဓိ = စိတ် စင်ကြယ်မှု။

၃။ ဒိဋ္ဌိ ဝိသုဒ္ဓိ = အယူ၏ စင်ကြယ်မှု။

၄။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ = ယုံမှားခြင်းမှ စင်ကြယ်မှု။

၅။ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ = မဂ်ဟုတ်သည်၊ မဟုတ်သည်၌ ဉာဏ်အမြင် စင်ကြယ်မှု။

၆။ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ = မဂ်သို့ရောက်ကြောင်း၊ အကျင့်ကောင်း၌ ဉာဏ်အမြင် စင်ကြယ်မှု။

၇။ ဉာဏဒဿန ဝိသုဒ္ဓိ = နိဗ္ဗာန် ကိုသိမြင်နိုင်သော ဉာဏ်၏ စင်ကြယ်မှု။

တို့ဖြစ်ပေသည်။ (သင်္ဂဟ၊ ၁၅၆)

၁။ သီလ ဝိသုဒ္ဓိ = သီလ စင်ကြယ်မှု။

တရားအားထုတ်သော ယောဂီပုဂ္ဂိုလ်သည် သီလ စင်ကြယ်ရန် အထူးလိုအပ်ပေသည်။ သီလ စင်ကြယ်ရန်ဟုဆိုရာ၌ လူဖြစ်သော် လူသီလ၊ ရဟန်းဖြစ်သော် ရဟန်းသီလ တို့၏ သီလစင်ကြယ်ခြင်းကို ဆိုခြင်းဖြစ်သည်။ ရဟန်းတော်တို့တွင် စတုပါရိသုဒ္ဓိ သီလ စင်ကြယ်သော် သီလ ဝိသုဒ္ဓိ ဖြစ်၏။ လူတို့တွင် ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ တို့ကို လုံခြုံအောင် စောင့်ထိန်းလျှင် သီလ ဝိသုဒ္ဓိ ဖြစ်၏။

၂။ စိတ္တ ဝိသုဒ္ဓိ = စိတ် စင်ကြယ်မှု

ကာမစ္ဆန္ဒ နီဝရဏ စသော ကိလေသာအညစ်အကြေးတို့မှ စိတ်ကိုသန့်ရှင်းစေခြင်း သည် စိတ္တ ဝိသုဒ္ဓိ မည်၏။ ကမ္မဋ္ဌာန်း(၄၀)တို့ကို အားထုတ်သောအခါ ဉပစာရသမာဓိ နှင့်

အပ္ပနာသမာဓိ ဟူသော ဘာဝနာသို့ သက်ဝင်သော စိတ်အစဉ်သည် သန့်ရှင်းစင်ကြယ်၏။ ထိုစိတ်၏ သန့်ရှင်းစင်ကြယ်ခြင်းကို စိတ္တ ဝိသုဒ္ဓိဟုခေါ်ဆိုပေသည်။

၃။ ဒိဋ္ဌိ ဝိသုဒ္ဓိ = အယူ၏ စင်ကြယ်မှု။

ဒိဋ္ဌိ ဝိသုဒ္ဓိဟူသည် ရုပ်၊ နာမ် ဓမ္မသင်္ခါရတို့ကို အတ္တ ဟုစွဲလမ်းသော မိစ္ဆာအယူ မှ စင်ကြယ်၍ သန့်ရှင်းသော အသိဉာဏ် ကိုဆိုပေသည်။

စိတ်၊စေတသိက် ဟူသော နာမ်တရားနှင့် နိပ္ဖန္နရုပ်တို့ကို လက္ခဏ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် တင်၍ဆင်ခြင်သောအခါ " သိမှုသည် စိတ်၊ ခံစားမှုသည် ဝေဒနာ၊ မှတ်သားမှုကား သညာ၊ ပြုလုပ်အားထုတ်မှုကား သင်္ခါရ၊ ဖောက်ပြန်တတ်မှုသည်ကား ရုပ်တရား" ဤခန္ဓာငါးပါး မှတပါး အတ္တဟူသော တရားမျိုးမရှိဟု သိမြင်နိုင်၏။ ဤကဲ့သို့သိမြင်နိုင်သောဉာဏ်သည်ပင် အတ္တဟူသော စွဲလမ်းမှု အညစ်အကြေးမှ စင်ကြယ်သောကြောင့် ဒိဋ္ဌိ ဝိသုဒ္ဓိ မည်ပေသည်။

၄။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ = ယုံမှားခြင်းမှ စင်ကြယ်မှု။

ဤ၌ ကင်္ခါသဒ္ဒါ သည် ယုံမှားခြင်းဟူသောအနက်ကို ပြောပေသည်။ ယုံမှားခြင်းဟူသည် " ငါသည် ရှေးကဖြစ်ဖူးခဲ့သလော" စသည်ဖြင့် ကာလအပိုင်းအခြားတို့ကို ယုံမှားလေ၏။ "အလုံးစုံကို သိမြင်နိုင်သော ဘုရားရှင်ဟူသည် ရှိမှရှိနိုင်ပါမည်လော" ဟု ဘုရားရှင်အပေါ်၌ ယုံမှားလေ၏။ ဤကဲ့သို့ ယုံမှားမှုအမျိုးမျိုးတို့မှ လွန်မြောက်ကြောင်းဉာဏ်သည် ကင်္ခါဝိတရဏ မည်၏။ ထိုဉာဏ်သည်ပင် အဟေတုကဒိဋ္ဌိ၊ ဝိသမဟေတုကဒိဋ္ဌိ တည်းဟူသော အညစ်အကြေး တို့မှ စင်ကြယ်သောကြောင့် ဝိသုဒ္ဓိမည်၏။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ဖြစ်ရန် အတွက် ဒိဋ္ဌိ ဝိသုဒ္ဓိ ဖြင့်သိမြင်ပြီးဖြစ်သော ရုပ်၊ နာမ်တရားတို့၏ အကြောင်းရင်းဖြစ်သော ကံ၊ စိတ်၊ ဥတု၊ အာဟာရ တို့ကိုလည်းပိုင်းခြား၍သိမြင်ရပေမည်။

၅။ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ = မဂ်ဟုတ်သည်၊ မဟုတ်သည်၌ ဉာဏ်အမြင် စင်ကြယ်မှု။

မဂ်ဟုတ်သည်၊ မဟုတ်သည်ကို ပိုင်းခြားသိမြင်သောဉာဏ်သည် မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ မည်၏။ ဤအဆင့်တွင် ယောဂီပုဂ္ဂိုလ်သည် ရုပ်၊နာမ် တို့၏ ဖြစ်ပျက်မှုသဘောကို ရှင်းလင်းစွာမြင်သောကြောင့် စိတ်အလွန်ကြည်လင်ပေသည်။ ယောဂီပုဂ္ဂိုလ်၏ သန္တာန်၌ ကိုယ်ရောင်ကိုယ်ဝါများ ထွက်ပေါ်၍လာပေသည်။ ထိုအခါ "ငါသည် ရှေးက ကိုယ်ရောင်ကိုယ်ဝါ မဖြစ်ဖူးချေ။ ကိုယ်ရောင်ကိုယ်ဝါ ထွက်ဖြာစေနိုင်သောစိတ်သည် မဂ်စိတ်၊ ဖိုလ်စိတ် ပင်ဖြစ်ရာ၏။ ငါမဂ် ရပြီ၊ ဖိုလ် ရပြီ" ထင်၍အားထုတ်ဆဲ ကမ္မဋ္ဌာန်း ကိုစွန့်၍ ကိုယ်ရောင်ကိုယ်ဝါ ပေါ်၌ နှစ်သက်ကာ လမ်းမှားသို့ ရောက်တတ်ပေသည်။

ယင်းကဲ့သို့ ကိုယ်ရောင်ကိုယ်ဝါ ဖြစ်သော် ယောဂီပုဂ္ဂိုလ်သည် ဝိပဿနာတရားကို မပြတ် ရှုမှတ် အားထုတ်မှသာလျှင် မဂ်၊ ဖိုလ် ရကြောင်းလမ်းမှန် (မဂ္ဂ)ဖြစ်ပေသည်။

အရောင်အဝါ ဌ် နှစ်သက်လျှင် လမ်းမှား (အမဂ္ဂ) ဖြစ်ပေသည်။ ဤသို့လမ်းမှန်၊ လမ်းမှား ကိုသိမြင်သောဉာဏ်သည် မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ မည်၏။

(မှတ်ချက်..။ ဤအဆင့်သည်အလွန်အရေးကြီး၏။ မိမိ ခန္ဓာကိုယ်ထဲမှ အလင်းဓာတ်ကြီး ထွက်လာသောအခါ အလွန်ဆန်းကြယ်စွာ၊ ခံစားရသည်။ သို့သော် ခန္ဓာ နိရောဓ ၊ တနည်း ဖြစ်၊ပျက် ဆုံးသည် ကိုမတွေ့သေးလျှင်၊ ဆက်၍ ရှုမှတ်အားထုတ်ရပေမည်။)

၆။ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ = မဂ်သို့ရောက်ကြောင်း၊ အကျင့်ကောင်း၌ ဉာဏ်အမြင် စင်ကြယ်မှု။

ပဋိပဒါဟူသည် မဂ်သို့ရကြောင်း အကျင့်ဖြစ်ပေသည်။ ဉာဏ ဟူသည် တေဘူမက သင်္ခါရ တို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟုသိတတ်သောဉာဏ်ဖြစ်သည်။ သိမြင်တတ်သောကြောင့် ဒဿန မည်၏။ ကိလေသာတို့မှဝေးကွာ၍ စင်ကြယ်သောကြောင့် ဝိသုဒ္ဓိ မည်၏။ ထို့ကြောင့် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ ဟူသည် မဂ်မဟုတ် ဟုဆုံးဖြတ်ပြီးနောက် ဥဒယဗ္ဗယဉာဏ် အဆုံး ပိုင်းမှအစပြု၍ အနုလောမဉာဏ် သို့တိုင်အောင် သုံးသပ်စင်ကြယ်သော ဉာဏ်စင်ကြယ်မှုမျိုး ကို ဆိုပေသည်။

၇။ ဉာဏဒဿန ဝိသုဒ္ဓိ = နိဗ္ဗာန် ကိုသိမြင်နိုင်သော ဉာဏ်၏ စင်ကြယ်မှု။

ဉာဏဒဿန ဝိသုဒ္ဓိ ဆိုရာ၌ သစ္စာလေးပါးကို သိတတ်သောကြောင့် ဉာဏ မည်၏။ မျက်စိဖြင့်မြင်ရသကဲ့သို တိုက်ရိုက်မြင်ရသောကြောင့် ဒဿန မည်၏။ (အိပ်ပျော်သလို၊ မေ့ကနဲ၊ ဘာမှမသိတော့တာမဟုတ်၊ ထင်ထင်ရှားရှား အသိစိတ်ဖြင့် သိရှိခံစားရသည်) ကိလေသာ အညစ်အကြေးတို့မှ စင်ကြယ်သော ကြောင့် ဝိသုဒ္ဓိ မည်၏။ သီလ ဝိသုဒ္ဓိ စသော ရှေး ဝိသုဒ္ဓိ (၆)ပါး အစဉ်ဖြင့် အဆင့်ဆင့်တက်၍ ရသောမဂ်ကို ဉာဏဒဿန ဝိသုဒ္ဓိ ဟုခေါ်ဆိုပေသည်။ ဤအဆင့်သို့ရောက်သောသူသည် ပုထုဇဉ် ဘဝမှလွတ်မြောက်၍ အရိယာ ဘဝ သို့ဆိုက်ရောက်ခြင်းဖြစ်ပေသည်။

ဒီ ဝိသုဒ္ဓိ(၇)ပါး ကို ဝိပဿနာ ရှုမှတ်ပွါးများသော ယောဂီပုဂ္ဂိုလ် တိုင်း တွေ့ကြုံရပေမည်။ (၇)ပါး လုံး ပြီးပြည့်စုံရန်ကား "ဝိရိယ၊ သဒ္ဓါ၊ ပညာ နှင့် ပါရမီ" ပေါ်မူတည်၍ တဦးနှင့်တဦး အချိန်ကာလ တော့ကွာခြားပေမည်။ မလျှော့သော ဇွဲ ဖြင့်ကြိုးစားဖို့သာလိုပါသည်။

မေတ္တာဖြင့်
စီစီချိုသန်း
ဧပြီလ (၂၁)ရက်၊၂၀၀၉